# သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ



## သီလဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ

## မိတ်ဆက်ခြင်း

သီလဝါအမျိုးသမီးအဖွဲ့သည် သီလဝါဒေသရှိအမျိုးသမီးများနှင့် လူငယ်များ၏ လိုအပ်ချက်ကိုအခြေခံကာ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။သီလဝါဒေသတွင် လူမှုရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုမှာ အလွန်တရာမှ အားနည်းနေပြီး ရင်းနှီးမြုပ်နှံမှုစီမံကိန်းများကြောင့် ကြုံတွေ့နေရသော ပြဿနာအခက်အခဲများကို အမျိုးသမီးများ တိုက်ရိုက်ခံစားရသော်လည်း စီမံကိန်းနှင့်ပတ်သတ်၍ ဆွေးနွေးရာတွင်၊ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ၏ အသံများမှာ လျစ်လျူရှုခံထားရသည်။ ထို့အပြင် သီလဝါအထူးစီးပွါးရေးဇုန်ဒေသတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ စီမံကိန်းကြောင့် အမျိုးသမီးများထိခိုက်နစ်နာမှု၊ စီမံကိန်းကြောင့် နောက်ထပ်ထိခိုက်နစ်နာမှုများကို ကြိုတင်ကာကွယ်ရန်နိုင်ရန်နှင့် ကြုံတွေ့ရသော ပြဿနာအခက်အခဲများကို ဒေသနေအမျိုးမျိုးသမီးများအချင်းချင်း အတူတကွ ဖြေရှင်းနိုင်ရန်ဖြစ်သည်။ လက်ရှိချိန်တွင် အမျိုးသမီးများအကြား ပုံမှန်တွေ့ဆုံဆွေးနွေးခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် မှတ်တမ်းတင်လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိသည်။

## စီမံကိန်းနောက်ခံသမိုင်းကြောင်း

သီလဝါအထူးစီးပွါးရေးဇုန်သည် ရန်ကုန်မြို့မှ (၂၃) ကီလိုမီတာကွာဝေးသော သန်လျင်-ကျောက်တန်းမြို့နစ်မြို့ကြားတွင် တည်ရှိသည်။ သီလဝါအထူးစီးပွါးရေးဇုန်သည် ဂျပန်-မြန်မာအစိုးရတို့ပူးပေါင်း အကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ပြီး မြန်မာဘက်မှ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း နှင့် ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်းတို့ ရင်းနှီးမြုပ်နှံမည့် စီမံကိန်းဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းသည် ပထမအဆင့်နှင့် ဒုတိယအဆင့်ဟူ၍ အဆင့်နှစ်ဆင့်သတ်မှတ်ထားသည်။ ပထမအဆင့်တွင် ဟက်တာ (၄၀၀)နှင့် ဒုတိယအဆင့်တွင် ဟက်တာ (၇၀၀) ပါရှိပြီး ၎င်းတို့ထဲမှ စက်မှုဇရိယာအတွက် ၂၆၂ ဟက်တာ၊ သယ်ယူပို့ဆောင်ရေးဇရိယာအတွက် ၂၆၇ ဟက်တာနှင့် အိမ်ယာနှင့်စီးပွားရေးဇရိယာအတွက် ၁၆၉ ဟက်တာတို့ပါဝင်သည်။ ပထမအဆင့်ကို အကောင်အထည်ဖော်ပြီး စက်ရုံများ လည်ပတ်လျှက်ရှိသည်။ ဒုတိယအဆင့်ထဲမှ ဟက် ၂၆၀ ကျော်အား ၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည် ဖော်လျှက်ရှိသည်။ (၂၀၁၃) ခုနှစ် ဇန်နဝါရီလတွင် ၎င်းစီမံကိန်းကို စတင်အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းဧရိယာမြေ အတွင်းတွင်ရှိသော ကျေးရွာ (၇) ရွာမှ ဒေသခံများမှာ (၁၄) ရက်အတွင်ပြောင်းရွှေ့ရန် နို့တစ်စာတစ်စောင်ကို လက်ခံရရှိပြီး မပြောင်းရွှေ့ ပါက ထောင်တစ်လကျခံရမည်ဟု ၎င်းနိုးတစ်စာတွင် ဖော်ပြထားသည်။ ထို့ကြောင့် ဒေသခံများသည် ၄င်းတို့ နှစ်ပေါင်းများစွာ နေထိုင်ရာနေရာမှ ပြန်လည်ချထားသည့်နေရာသို့ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် ပြောင်းရွှေ့ခြင်းခံကြရသည်။ လက်ရှိချိန်တွင် မိသားစု

## သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ

(၁၅၀)ခန့်လောက် ပြောင်းရွှေ့ပြီးဖြစ်သည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များရေးဆွဲရာတွင် သီလဝါအထူး စီးပွါးရေးဇုန်စီမံခန့်ခွဲရေးကော်မတီမှ ဒေသခံလူထုကို ပူးပေါင်းပါဝင်ခွင့်မပေးခြင်း၊ ပြောင်းရွှေ့ရန်အချိန်လုံလောက်စွာမပေးခြင်း၊ ကြိုတင် အကြောင်းကြားခြင်းနှင့် မပြောင်းရွှေ့ခင်ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းတာဝန်များကို ပျက်ကွက်ခဲ့မှုကြောင့် သီလဝါအထူးစီးပွါးရေးဇုန် အပိုင်း(က)မှ ရွှေ့ပြောင်းခံရသည့် ဒေသခံများသည် လက်ရှိပြန်လည်နေရာရေးနေရာတွင် အခက်အခဲများစွာကို ကြုံတွေ့ခံစားနေကြရသည်။

### ပြောင်းရွှေ့ခံရသည့် မိသားစုများ၏ လက်ရှိအခြေအနေ

ကျေးလက်သဘာဝ စိုက်ပျိုးရေး/မွေးမြူရေး/မြေယာသဘာဝအရင်းအမြစ်များကို အခြေခံကာ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသော လူနေမှုဘဝမှ နည်းပညာကိုအခြေခံသောအသက်မွေးကျောင်းပုံစံကို ပြောင်းလဲလိုက်ရသောကြောင့် ပြောင်းရွှေ့ခံရသူများမှာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေကြရသည်။ပြောင်းရွှေ့ခံရပြီး ၆ နှစ်ကျော်အတွင်းတွင် အသက်မွေးဝမ်းကြောင်းဆုံးရှုံးခြင်း၊ အိမ်နေရာကျဉ်းမြောင်းသည့်အတွက် တနိုင်တပိုင်စိုက်ပျိုးစားရေး/မွေးမြူရေးလုပ်ငန်းများကို မလုပ်ကိုင်နိုင်ခြင်း၊ အလုပ်ကိုင်အခွင့်အလမ်း မရှိသည့်အတွက် ကြုံရာကျဘမ်းအလုပ်ကိုလုပ်ကိုင်ရခြင်း၊ ဝင်ငွေ/ထွက်ငွေ မမျှတသည့်အတွက် ကြွေးမြီများတင်ကာ ပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာများ/ အိမ်ခြံမြေများကို ပေါင်နှံ/ရောင်းချကြရသည့်အတွက် လက်ရှိအချိန်တွင် အိမ်ထောင်စုတဝက်နီးပါးမှာ နေအိမ်များကို ရောင်းချပြီးဖြစ်သည်။ စားဝတ်နေရေးအဆင် မပြေမှုကြောင့် နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ပညာရေးကဏ္ဍတွင်လည်း ငွေကြေးအခက်အခဲကြောင့် ကျောင်းဆက်မတက်နိုင်သူ ကျောင်းသူ/သား ဦးရေမှာ တိုးပွါးလာသည်။

### လက်ရှိမပြောင်းရွှေ့ ရသေးသော မိသားစုများ၏ အခြေအနေ

သီလဝါဒေသတွင်နေထိုင်သူများ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ပန်းအမျိုးမျိုးနှင့် အခြားရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ၎င်းအပြင် နွား၊ ဆိတ်၊ ကြက်၊ ဘဲ၊ ဝက် စသည်ကဲ့သို့ အသေးစားတနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည့်အပြင် ကုန်စုံဆိုင်၊ ဈေးရောင်း၊ စားသောက်ဆိုင်နှင့် အထည်ချုပ်စက်ရုံများတွင်

ဝင်ရောက်လုပ်ကိုင်သူများလည်းရှိသည်။ ယခုလက်ရှိချိန်တွင်လည်း မပြောင်းရွှေ့ရသေးသော ဒေသခံများမှာ စီမံကိန်းနှင့် ပတ်သတ်**၍** လုံလောက်သော သတင်းအချက်အလက်များကို ကြိုတင်မရရှိခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ဒေသခံပူးပေါင်းပါဝင်ခွင့် အားနည်းခြင်း၊ လူငယ်နှင့်အမျိုးသမီးအခွင့်အရေးများကို ထည့်သွင်းစဉ်းစားမှုအားနည်းခြင်း စသည်ကဲ့သို့သော စီမံကိန်းနှင့် ပတ်သတ်သည့်ဒေသခံများရရှိသင့်သည့် အခွင့်အရေးအများကို အပြည့်အဝခံစားခွင့် မရရှိခြင်းတို့ကြောင့် ပြောင်းရွှေ့ရမည်ဆိုပါ **၎င်း**တို့မှီခိုနေသော သဘာဝအရင်းအမြစ်များဆုံးရှုံးရခြင်းကြောင့် မူလအသက်မွေးဝမ်းကျောင်းကိုထိခိုက်ခြင်း၊ မူလဝင်ငွေထက်နိမ့်သောအလုပ်အကိုင်များကိုသာလုပ်ကိုင်ရခြင်းနှင့် မူလအခြေအနေထက်နိမ့်ကျသော လူနေမှုပုံစံပြောင်းလဲလာမည်ကို စိုးရိမ်နေကြသည်။

## သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ





"ကျမတို့ အခု ခြံကျယ်ကျယ်ဝန်းဝန်းနဲ့နေရပြီး ရာသီပေါ်သီးနှံများကို စိုက်ပျိုးစားလို့ရတယ်။ ဟင်းသီးဟင်းရွက်ဆိုရင် ဈေးထဲမှာ ဝယ်စားစရာမလိုဘဲ ကိုယ့်ခြံ ထဲကဟာ ခူးစားလို့ရတယ်။အပြင်ကိုလည်း ရောင်းစားလို့ရတယ်။ စိတ်ချမ်းသာသာနဲ့ အေးအေးဆေးဆေး တရားဓမ္မအားထုတ်လို့ရတယ်။"






“ငါးပုဇွန်တွကို ချောင်းထဲမှာအချိန်မရွေးရှာစားလို့ရတယ်။ ရှာလို့ရလာတဲ့ ငါးပုဇွန်တွေကို အိမ်မှာ ချက်စားတယ်။ ပိုလျှံတာတွေကို အိမ်နီးချင်းတွေကိုပြန်ရောင်းတယ်”

သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ

တနိုင်တပိုင်မွေးမြူရေးလုပ်ဖို့ အတွက် လိုအပ်တဲ့မြေအကျယ်ဝန်းရှိတယ်။ ဒါပေမယ့် ပြန်လည်နေရာချထားပေးတဲ့ နေရာမှာတော့ လုပ်ကိုင်စားသောက်ဖို့ နေရာလုံလုံလောက်လောက်မရှိဘူး။

## သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ

"တို့ စရာတခွက်စာအတွက်တော့ ပိုက်ဆံနဲ့ ဝယ်စရာမလိုဘူး။ ရွာနီးနားမှာ ရှာစားလို့ ရတယ်။ မှိုတို့၊ မျှစ်တို့ ဆိုရင်ဝယ်စားစရာမလိုဘူး။ တောထဲက သွားခူးစားလို့ရတယ်။ ဒါပေမယ့် အခုကတော့ ရှားပါးလာတယ် အရင်တုန်းကလောက်တော့မပေါ်တော့ဘူး"




"အိမ်ခြံအကျယ်အဝန်းနှင့်နေရတော့ ဝါးပင်သစ်ပင်တွေစိုက်ပျိုးလို့ရတယ်။ ခြံထဲမှာ ဝါးပင်တွေရှိတော့ အချိန်မရွေး မျှစ်ဟင်းချက်စားလို့ရတယ်။ တချို့ဝါးတွေဆို ခုတ်ပြီး ဝါးတစ်လုံး ၁ ထောင်နဲ့ရောင်းစားလို့ရတယ်။ ဝါးအမျိုးအစားကောင်းလေ ဈေးကောင်းလေပဲ"





"ထင်း၊ ဝါး ဆိုရင်လည်း ဝယ်စရာမလိုဘူး လွယ်လွယ်ကူကူ ရှာလို့ ရတယ်။ အိမ်ဆောက်ဖို့ ဆိုရင်လည်း သစ်တွေ ဝါးတွေဝယ်စရာမလိုဘူး"

# သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ






"ဒီကနေလုံးဝမပြောင်းချင်ပါဘူး။ လက်ရှိကျမတို့ နေတဲ့ရွာကလုပ်ကိုင်စားသောက်လို့ အဆင်ပြေတယ်။ ဝင်ငွေလည်းမပြတ်သွားဘူး။"

သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ





သူတို့ပြန်လည်နေရာထားပေးတဲ့အခါ မိသားစုတစ်စုအတွက် မြေအကျယ်အဝန်းက ၂၅ x ၅၀ စတုရန်းပေ အိမ်ဆောက်ရန် အိမ်နေရာပေးတယ်။ အပင်စိုက်စားလို့လည်း မရ။ မွေးမြူရေးလုပ်ပြန်တော့လည်း အိမ်နီးနားချင်းတွေနဲ့ ပြဿနာတက်တယ်။

## သီသဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ





ဟိုဘက်က မပြောင်းရသေးတဲ့ ရွာတွေကိုရောက်ရင် အရင်ကိုယ်နေခဲ့တဲ့ ရွာကို ပြန်သတိရတယ်။ အရင်တုန်းက ကျယ်ကျယ် ဝန်းဝန်း နဲ့ အခု လက်ရှိနေထိုင်ရတာနဲ့ တခြားစီပါပဲ။ အဝတ်စားလှန်းရတာကအစ ကျဉ်းကြပ်တယ်။

# သီလဝါအထူးစီးပွားဇုန်ဒေသမှအမျိုးသမီးများ၏ အသံ





"စက်ရုံတွေကလည်း ရွာနဲ့ နီးကပ်လာတော့ စိုက်ပျိုးရေးကလည်း အရင်တုန်းကလို လုပ်ဖို့အဆင်မပြေတော့ဘူး။ စက်ရုံတွေဆောက်လိုက်တော့ ရေစီးရေလာ မကောင်းတော့ လယ်တွေ ထွက်နှုန်းကျဆင်းလာတယ်။"

## အကြံပြုချက်များ

### မြန်မာအစိုးရနှင့်ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ

- အဓိပ္ပါယ်ပြည့်ဝသော နှစ်ဦးနှစ်ဘက်အပြန်လှန်ဆွေးနွေးညှိနှိုင်းမှုကို အခြေခံ၍ ပြန်လည်နေရာချထားရေးအစီအစဉ်များရေးဆွဲခြင်းနှင့်အကောင်အထည်အဖော်များဖော်ဆောင်ရာတွင် စီမံကိန်းထိခိုက်နစ်နာသူများ၏ အသံကို နားထောင်၍ ထည့်သွင်းပေးရန်။
- ပြန်လည်နေရာချထားခြင်းများ အကောင်အထည်ဖော်လုပ်ဆောင်ခြင်း မတိုင်မီ စီမံကိန်းထိခိုက်နစ်နာသူများအတွက် ထိရောက်ပြီးသင့်တော်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးထားခြင်းများကို ကြိုတင်ပြီး လုပ်ဆောင်ထားရန်လိုအပ်သည်။
- စီမံကိန်းကြောင့် ပြန်လည်နေရာချထားခြင်းမခံရမီ၊ ပြန်လည်နေရာချထားသည့်အချိန်အတိုးအတွင်းသော်လည်းကောင်း၊ ပြန်လည်နေရာချထားပြီးနောက်ပိုင်းသော်လည်းကောင်း စီမံကိန်းထိခိုက်နစ်နာသူများ၏ မိသားစုစားဝတ်နေရေးအတွက် အလုပ်အကိုင်ရရှိရန် အထူးအစီအစဉ်တစ်ခု ရှိရန်လိုအပ်ပေသည်။ ထို့အပြင် အထူးဦးစားပေးအနေဖြင့် အမျိုးသမီးများအတွက် အလုပ်အကိုင်ရရှိရန် တိကျသည့်အစီအစဉ်များ ရှိရန်လိုအပ်သည်။
- စီမံကိန်းကြောင့် ထိခိုက်နစ်နာမှုများအတွက် ကုစားမှုများပေးဆောင်ရန် ကမ်းလှမ်းသည့်အချိန်တွင် စီမံကိန်းထိခိုက်နစ်နာသူများအားလုံးအား သင့်လျော်သည့်အပြုအမူဖြင့် သာတူညီမျှဆက်ဆံကာ ဘက်လိုက်မှုမရှိပဲ ကုစားမှုအား ပေးဆောင်ရမည်။

### သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံလျှက်ရှိသည့် ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံရန်စီစဉ်နေသည့် ကုမ္ပဏီများ

- စီမံကိန်းကြောင့် ထိခိုက်နစ်နာနေသည့် ဒေသခံပြည်သူလူထုအား မျက်ကွယ်ပြုမထားရန်။
- စီမံကိန်းထိခိုက်နစ်နာသည့် ဒေသခံများအားလုံး စီမံကိန်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များရရှိနိုင်ရန်နှင့် မှန်ကန်သည့်သတင်းအချက်အလက်များအား နှစ်ဦးနှစ်ဘက်ဝေမျှနိုင်စေရန် စီမံကိန်းထိခိုက်နစ်နာသူများနှင့်သော်လည်းကောင်း

ၚင်းတို့တင်မြှောက်ထားသည့် ဒေသခေါင်းဆောင်များနှင့်သော်လည်းကောင်း ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်လိုအပ်သည်။ ထိုသို့ဆွေးနွေးပွဲများတွင် အမျိုးသမီးများပါဝင်လာစေရန်အတွက် တိကျသည့်အခန်းကဏ္ဍများ ထည့်သွင်းထားရန်။

- သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ယခင်က ပြန်လည်နေရာချထားခြင်းခံခဲ့ရသည့် အခြေအနေများအား လေ့လာသင်ခန်းစာယူပြီး နောက်တစ်ကြိမ်အလားတူအမှားမျိုး နောက်ထပ်အမှားမျိုး မလုပ်ဆောင်ရန် လိုအပ်ပေသည်။
- သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကြောင့် ဖြစ်လာသည့် ပြဿနာများအား ဖြေရှင်းနိုင်ရန် လူတိုင်းလက်လှမ်းမီပြီး မျှတပြီး လူတိုင်းအတွက်အကျိုးရှိစေမည့် ပြဿနာဖြေရှင်းရေးယန္တရားတစ်ခုအား ဖန်တီးပေးရန် လိုအပ်သည်။
- သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းတွင် လာရောက်ရင်းနှီးမြုပ်နှံရန် စီစဉ်နေသည့် ကုမ္ပဏီများအနေဖြင့်လည်း စီမံကိန်းထိခိုက်နစ်နာသူများလက်ရှိရင်ဆိုင်နေရသည့်ပြဿနာများအား လေ့လာပြီး အဆိုပါပြဿနာများမဖြေရှင်းမီ လာရောက်ရင်းနှီးမှု မပြုလုပ်ရန်။